


ပုံစံ (၂–က)

ဖခင်ဖြစ်သူ ဦးသူတော်၏ သားဖြစ်သူ မောင်လှကို တွေ့မြင်ပုံကို အကြောင်းခံ၍ ဦးသူတော်၏ ခန္ဓာ အစဉ် ဖြစ်ပေါ်လာပုံကို သရုပ်ပြ ရေးဆွဲထားသည်။ အထက်ပုံစံသည် ရောဂါပြင်းထန်စွာရနေသော သားဖြစ်သူ မောင်လှအား ဖခင်ဖြစ်သူ ဦးသူတော် မြင်၍ ဦးသူတော်၏ အတွင်းနာမ်ရုပ်ဖြစ်စဉ်နှင့် စိတ်၌ မောဟဖုံး၍ ပဋိစ္စသမုပ္ပါဒ်လည်ပုံဖြစ်သည်။ ပုံစံအရ ––

(၁) အပိုင်း–က သားဖြစ်သူမောင်လှ အပြင်အတိုက်ဓာတ်၊

(၂) အပိုင်း–ခ ဦးသူတော်၏ စက္ခုဒွါရ အခံဓာတ်နှင့် နာမ်ရုပ်၊

(၃) အပိုင်း–ဂ အတွင်းအတိုက်ဓာတ် (ဖဿနှစ်မျိုး)၊

(၄) အပိုင်း–ဃ ဦးသူတော်၏ မနောဒွါရ အခံဓာတ်နှင့် နာမ် (အဟိတ်မနောဝိညာဏ်) ရုပ်၊

(၅) အပိုင်း–င ဦးသူတော်၏ သဟိတ်မနောဝိညာဏ်အပေါ်ဓာတ် တို့ဖြစ်သည်။

အပိုင်း(က, ခ, ဂ, ဃ)တို့သည် ဦးသူတော်၏ သဟိတ်မနောဝိညာဏ် ဖြစ်ပေါ်စေခြင်း အကြောင်း တရားတို့ပင်ဖြစ်သည်။ ထိုအကြောင်းတရားတို့၌ ဦးသူတော်၏ စက္ခုပသာဒ၌ ပြင်ပမောင်လှ၏ ပြင်းပြင်း ထန်ထန် ရောဂါဝေဒနာ ခံစားနေရပုံနှင့် တထပ်တည်း တူညီသည့် အဆင်းရူပါရုံ (ပရမတ်ရုပ်) ဖြစ်ပေါ် နေသည်။ ထိုစက္ခုပသာဒနှင့် အဆင်းရူပါရုံပရမတ်ရုပ် နှစ်ပါးကိုစွဲ၍ စက္ခုဝိညာဏ် (မြင်သိကာမျှစိတ်) ဖြစ်ပေါ် လာသည်။

ထိုသုံးမျိုးသော ပရမတ်, ရုပ်, နာမ် တို့သည် တစ်နေရာတည်း၌ ဖြစ်ပေါ်တွေ့ဆုံကြခြင်း (တိဏ္ဏံ သင်္ဂတိ)ကြောင့် အကျိုးတရား(အပိုင်း–ဂ) စက္ခုသမ္ဖဿ(ပရမတ်နာမ်) ဖြစ်ပေါ်လာသည်။ ထိုစက္ခုသမ္ဖဿသည် စက္ခုဒွါရ၌ရှိသော ရူပါရုံပုံရိပ်ကို ဘဝင်နှင့် ဆက်စပ်ပေးသည်။[၁]

စက္ခုဒွါရမှ ရူပါရုံသည်မောင်လှနှင့် တူသောပုံ မနောဒွါရတည်းဟူသော ဘဝင်အကြည်သို့ ဓမ္မနိယာမ စက္ခုသမ္ဖဿ၏ အစွမ်းဖြင့် ပြင်ပမှ မောင်လှ၏ ပုံသဏ္ဌာန်အတိုင်း ဓမ္မာရုံအဖြစ် ကျရောက်သည်။ ထိုဓမ္မာရုံ

[၁] ဗွီဒီယိုရိုက်စက် ဥပမာပြန်ရှုရန်

(အဆင်းပုံရိပ် ပရမတ္တရုပ်)နှင့် "ဘဝင်"အကြည် (ပရမတ်နာမ်) နှစ်ခုတို့ကိုစွဲ၍ မြင်သိကာမျှသိသော ဥပါဒ်စွဲ အဟိတ်မနောဝိညာဏ်, ဇောထိုက်သော သဟိတ်မနောဝိညာဏ် (ပရမတ်နာမ်) ဖြစ်သည်။ ထိုသုံးမျိုးသော (ပရမတ် ရုပ် နာမ်)တို့သည် တစ်နေရာတည်း၌ ဖြစ်ပေါ်တွေ့ဆုံခြင်းကြောင့် အကျိုးတရား မနောသမ္ဖဿ (ပရမတ်နာမ်) ဖြစ်ပေါ်လာသည်။ ထိုမနောသမ္ဖဿသည် မနောဒွါရ၌ ယှဉ်ဖက် ဝေဒနာအား အာရုံ၏ ဣဋ္ဌ, အနိဋ္ဌသဘောကို ပို့ပေးသည်။ စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ ဖြစ်တိုင်း ဝေဒနာ၊ သညာ၊ သင်္ခါရ၊ အဟိတ်, သဟိတ်မနောဝိညာဏ်တို့ ဖြစ်ကြသည်။

ဦးသူတော်၏ ငါ ငါ့စိတ်ဟု စွဲယူထားသော အပိုင်း(င) သဟိတ်မနောဝိညာဏ်၌ မောဟ စေတသိက် ဖုံးထားခြင်းကြောင့် ဒိဋ္ဌိစေတသိက်ကပ်၍ ငါ့သားပဲ၊ မောင်လှပဲ ဟူ၍ ပညတ်များစွဲကာ အယူမှား၊ အသိမှား၊ အမှတ်မှား ဖြစ်နေသည်။ ရူပါရုံ၏ သဘောကိုမသိပဲ ဖျားနာနေသည်ဟူသော ပညတ်စွဲများ ရောဂါခံစားနေမှုအပေါ် မသာယာသည့်စိတ်ဖြင့် ဆုတ်နစ်မှု ဒေါသစေတသိက်ကပ်ကာ ပူပန်ခြင်း၊ သက်သာလိုသည့် အတွက်ကြောင့် လောဘစေတသိက်ကပ်ခြင်းများဖြစ်ကာ စိတ်၌ပူလောင်နေရသည်။

ထိုဦးသူတော်၏ သဟိတ်မနောဝိညာဏ်တွင် အဝိဇ္ဇာနုသယ ဖုံးအုပ်ထားမှုကြောင့်

၁။ပြင်ပအဆင်းကို ပရမတ်နာမ်ရုပ်အစုဟူ၍လည်းကောင်း၊ ဒုက္ခက္ခန္ဓာအစုဟူ၍လည်းကောင်း၊ အနိစ္စခန္ဓာ, အနတ္တခန္ဓာ, အသုဘခန္ဓာ, ဓာတ်လေးပါး, အဆင်းရုပ်၏ ဖောက်ပြန်မှု (၃၂)ကောဋ္ဌာသသဘောဟူ၍ မသိခြင်း။

၂။အပိုင်း( ခ )ရှိ နာမ် ရုပ်(ရူပါရုံ+စက္ခုဝိညာဏ်)တို့၏ ဖြစ်ပေါ်မှုနှင့် သဘာဝကို မသိခြင်း။

၃။အပိုင်း( ဂ )ရှိ (ဖဿ–စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ) နာမ်တို့၏ ဖြစ်ပေါ်မှုနှင့် သဘာဝကို မသိခြင်း။

၄။အပိုင်း(ဃ)ရှိ ရူပဓမ္မာရုံ ရုပ်တို့ နှင့် အဟိတ်မနောဝိညာဏ်၏ ဖြစ်ပေါ်မှုနှင့် သဘာဝကို မသိခြင်း။

၅။အပိုင်း( င )ရှိ သဟိတ်မနောဝိညာဏ်အစု (ဝေဒနာ သညာ သင်္ခါရနာမ်အစု) တို့ကို မသိခြင်း

စသည်တို့ ဖြစ်သည်။

ထိုအတွင်းအပြင်(၅)မျိုးသော ရုပ်နာမ်တို့၏သဘောကို မသိခြင်းကြောင့် တဏှာအနုသယသည် လည်းကောင်း၊ ဥပါဒါန်သည်လည်းကောင်း၊ ကိလေသာနှင့် သံယောဇဉ်တို့သည်လည်းကောင်း၊ အချင်းချင်း ကျေးဇူးပြုကြကာ ဦးသူတော်၏ သဟိတ်မနောဝိညာဏ် (ငါဟုစွဲထားသောစိတ်)ကို လောင်ကျွမ်းနှိပ်စက် ကြတော့သည်။

တရားကျင့်သောယောဂီသည် မိမိ၏ခန္ဓာဓမ္မဖြစ်စဉ်ကို ဦးသူတော်ကဲ့သို့မသိ၍ မိမိ၏ဒွါရနှင့် အာရုံတိုက်ဆိုင်လာလျှင် တဏှာ, မာန, ဒိဋ္ဌိဖြစ်ရသည်ကို ဉာဏ်ဖြင့်အာရုံယူပါ။ ခန္ဓာဖြစ်စဉ်ဓမ္မကို အဓမ္မအဖြစ် စွဲယူမိခြင်းကြောင့် မိမိ၏ အပိုင်း(င) သဟိတ်မနောဝိညာဏ် (ငါဟုစွဲသောစိတ်)၌ မောဟ ဒိဋ္ဌိ စသော အကုသိုလ်စေတသိက်များ ကပ်ရောက်ကာ (၁၁)ပါးမီး တောက်လောင် ခံရသည်ကို ဉာဏ်ဖြင့်နားလည်ယူပါ။